# အခမဲ့ နော်ဝေးဘာသာစကား နှင့် လူမှုရေး အသိပေးပညာ သင်တန်း

## အခမဲ့ နော်ဝေးဘာသာစကား နှင့် လူမှုဆက်ဆံရေးအသိပေးပညာ သင်တန်း သင်ယူခွင့်

သင်၏ နော်ဝေးနိုင်ငံနေထိုင်ခွင့် ကြောင့် အောက်ပါ အခမဲ့ပညာ သင်တန်းများကို နာရီပေါင်း ၃၀၀ သင်ကြားခွင့်ရှိပါသည်။

- နော်ဝေးဘာသာ စကား (နာရီ ၂၅၀)
- လူမှုဆက်ဆံရေး အသိပေးပညာဘာသာရပ် (နာရီ ၅၀)

အခမဲ့သင်တန်း အချိန်ကာလသည်

- နိုင်ငံတွင်နေထိုင် ခွင့်ရရှိသည့် အချိန်မှ စ၍ (သို့ မဟုတ်)
- တရားဝင် နေထိုင်ခွင့်ဖြင့် နိုင်ငံ အတွင်း စရောက်သည့် အချိန်မှစ၍

၃ နှစ်ဖြစ်ပါသည်။

ဤ ၃ နှစ်ကာလ အတွင်း အထက်ပါ သင်တန်းများကို မစတင်၊ မပြီးပြတ် ခဲ့လျှင်မိမိကိုယ် တိုင် သင်တန်းခကြေးငွေကို ပေးဆောင်ရမည်ဖြစ်သည်။

## အခမဲ့ နော်ဝေးဘာသာစကား နှင့် လူမှုဆက်ဆံရေးအသိပေးပညာ သင်တန်း သင်ယူရန်တာဝန်

အောက်ပါ အခွင့်အရေး များရရှိရန် အတွက် သင့်တွင် နော်ဝေးဘာသာစကား နှင့် လူမှုဆက်ဆံရေး အသိပေး သင်တန်း နာရီပေါင်း ၃၀၀ သင်ယူရန် တာဝန်ရှိသည်။

- အမြဲနေထိုင်ခွင့် နှင့် (သို့ မဟုတ်)
- နိုင်ငံသားဖြစ်ခွင့်

ဤတာဝန် သည် လျှောက်လွှာတင်ထားချိန်တွင် အသက် ၅၅ နှစ်သို့ မဟုတ် ၅၅ နှစ် အထက်ကျော်သူများအတွက် မပါဝင်ပါ။

အောက်ပါ အကြောင်းပြချက်များ ဖြင့် ဤတာဝန်မှလွတ်ရန် လျှောက်ထားခွင့် ရှိပါသည်။

- နော်ဝေးဘာသာစကား သို့ မဟုတ် စာမီး (Samisk) ဘာသာစကားတတ်ကျွမ်းကြောင်း အထောက် အထားပြနိုင်ပါက (သို့ မဟုတ်)
- ထူးခြားသည့်ကျန်းမာရေး အခြေအနေကြောင့် (သို့ မဟုတ်)အခြားသော လေးလံသည့် အခက်အခဲများကြောင့်

## လက်တွေ့ ကျသောသတင်းအချက်အလက်

သင်တန်းသို့ ဝင်ရောက်ရန် သို့ မဟုတ် သင်တန်းမှလွတ်မြောက်ခွင့် ရရှိချင်ပါက သင် နေထိုင်သော မြို့နီစပယ် (Kommune)ရှိ အရွယ်ရောက်သူများသင်တန်း ကျောင်း(Voksenopplæring) တွင်သင် ကိုယ်တိုင် ဆက်သွယ်ရမည်ဖြစ်ပါသည်။

မေးမြန်းစုံစမ်းလိုပါက အရွယ်ရောက်သူများဘာသာစကားသင်တန်းကျောင်း (Voksenopplæring) ကိုဆက်သွယ်နိုင်ပါသည်။

ဤ www.imdi.no နှင့် www.udi.no အင်တာနက် စာမျက်နှာများတွင်လည်း အထက်ပါအချက်များနှင့် သက်ဆိုင်သော အကြောင်းများ တွေ့ ရှိနိုင်ပါသည်။